SAC-M

**Special Advisory Council for MYANMAR**

Email: info@specialadvisorycouncil.org
Website: specialadvisorycouncil.org
Facebook: facebook.com/SpecialCouncil
Twitter: @SpecialCouncil

**ဒေါက်တာ မိုဟာမက်ယူနွတ်စ်**

**ဘင်္ဂလားဒေ့ရှ်နိုင်ငံကြားကာလအစိုးရ၏ ဂုဏ်သရေရှိအကြံပေးပုဂ္ဂိုလ်ချုပ်**

**ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ**

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၅ ရက်

ကိုယ်စားလှယ်တော်ကြီးခင်ဗျား၊

မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီ (SAC-M) သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာ အသိုင်းအဝိုင်းအတွက် ကိုယ်စားလှယ်တော်ကြီး၏ထောက်ခံပံ့ပိုးမှုအား လက်ခံကြိုဆိုပါသည်၊ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နိုင်ငံပြင်ပတွင် ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရားဥပဒေစိုးမိုးရေးနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပေါ် ကိုယ်စားလှယ်တော်ကြီး ဖော်ထုတ်ပြသလိုက်သည့် ကတိကဝတ်ပြုမှုကိုလည်း လက်ခံကြိုဆိုပါသည်။

ယခုလအစောပိုင်းတွင် ထိုင်းနိုင်ငံ၌ကျင်းပခဲ့သည့် (၆) ကြိမ်မြောက် ဘင်္ဂလားပင်လယ်အော် စီးပွားရေးနှင့် နည်းပညာဆိုင်ရာဘက်စုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (BIMSTEC) ထိပ်သီး အစည်းအဝေးသို့ မြန်မာစစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်တက်ရောက်ခဲ့မှုအပေါ် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားဝင် ကန့်ကွက်ဆန့်ကျင်ခဲ့ခြင်းမရှိခဲ့သည်မှာ အလွန်အံ့အားသင့်၊ ထိတ်လန့်ဖွယ်ရာပင် ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) ၏ အမှုစွဲအရာရှိသည် မင်းအောင်လှိုင်အား ဖမ်းဝရမ်းထုတ်ပေးရန် လျှောက်ထားခဲ့သည်၊ ဤလျှောက်ထားမှုသည် မင်းအောင်လှိုင်၌ ရာဇဝတ်မှုဆိုင်ရာအရတာဝန်ရှိကြောင်းယုံကြည်ရန် ကျိုးကြောင်းဆီလျော်သော အခြေခံအကြောင်းရင်းများရှိသည်ဟူသည့် တွေ့ရှိချက်များအပေါ်အခြေခံပြီး ၎င်းရာဇဝတ်မှုများတွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏နယ်နိမိတ်အစိတ်အပိုင်းတို့၌ ကျူးလွန်ခံခဲ့ရသောရိုဟင်ဂျာများအား နေရပ်မှနှင်ထုတ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းဟူသော လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများပါဝင်သည်။ တရားမျှတမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆီသို့ ဦးတည်သော ဤအရေးပါ

သည့် ခြေလှမ်းကိုဖြစ်မြောက်စေခဲ့သည်မှာ ရောမဥပဒေ (Rome Statute) ၏ အဖွဲ့ဝင်နိုင်ငံတခုဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကြောင့်ပင်ဖြစ်ပါသည်။


မကြာသေးခင်အချိန် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီတွင် နိုင်ငံတကာတရားစီရင်ပိုင်ခွင့်ကိုကျင့်သုံးသည့် အာဂျင်တီးနားတရားရုံးတခုက မင်းအောင်လှိုင်နှင့် အခြားအကြီးတန်း မြန်မာစစ်ဘက်နှင့် နိုင်ငံရေးဆိုင်ရာပုဂ္ဂိုလ်များအပေါ် ဖမ်းဝရမ်းများထုတ်ပြန်ခဲ့ပါသည်၊ ၎င်းမှာ ရိုဟင်ဂျာများအပေါ်ကျူးလွန်ခဲ့သော လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများတွင် ၎င်းတို့၏စွပ်စွဲခံထားရသော အခန်းကဏ္ဍများကြောင့်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တရားဥပဒေစိုးမိုးရေးနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပေါ် အမှန်တကယ်ကတိကဝတ်ပြုလိုပါက မင်းအောင်လှိုင်ကိုတရားစွဲဆိုခြင်းအားထောက်ခံရန်နှင့် စစ်အုပ်စု၏တရားဝင်မှုရယူရန်ကြိုးပမ်းမှုများကို ဆန့်ကျင်ရန်အတွက် တရားဥပဒေနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အလမ်းတိုင်းကို အသုံးချရမည်ဖြစ်သည်။

တစ်ချိန်တည်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံရှိ တရားဝင်ဖြစ်သော ဒီမိုကရေစီလိုလားသောအင်အားစုများနှင့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေသင့်သည်၊ ဤအဖွဲ့များတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်ကြသည်။ ၎င်းတို့သည် အစစ်အမှန်အားဖြင့် အားလုံးအကျုံးဝင်ပါဝင်သော ဖက်ဒရယ်ဒီမိုကရေစီပေါ်ထွန်းလာရေးအတွက် ပြင်းပြသောဆန္ဒများဖြင့်ကြိုးပမ်းနေကြပြီး၊ ဤတန်ဖိုးထားမှုများသည် ဘင်္ဂလားဒေ့ရှ်ကြားကာလအစိုးရ၏ ရည်မှန်းချက်များနှင့် ထပ်တူကျလျက်ရှိသည်။

ကိုယ်စားလှယ်တော်ကြီး၏ အလေးထားအာရုံစိုက်မှုအတွက် SAC-M မှ အထူးပင် ကျေးဇူးတင်ရှိကြောင်းနှင့် ကိုယ်စားလှယ်တော်ကြီး၏ ကြိုးပမ်းမှုများကို SAC-M မှ ကူညီပံ့ပိုးသွားရန် အသင့်ရှိပါကြောင်း အသိပေးအပ်ပါသည်။ ဤပေးပို့သော စာအား ကိုယ်စားလှယ်တော်ကြီး လက်ခံရရှိပြီးနောက်တွင် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

အရင်းခံဖြင့်

Yanghee Lee | Marzuki Darusman | Chris Sidoti